ကျွန်တော်တို့အနက် လူတိုင်းသည် ထုတ်ဖော်ပြောဆိုရန်ပင်အလွန်ဝန်လေးမိသည့် (ရှိုင်သွာန်ဘက်မှလာသောမကောင်းသည့်)အတွေးများ ကျွန်တော်တို့၏

စိတ်ထဲ၌ပေါ်ပေါက်နေပါသည်ဟု လျှောက်ထားခဲ့ကြသည်။

ကိုယ်တော်က သင်တို့သည်

ထိုကိစ္စမျိုးအမှန်တကယ်ကြုံတွေ့ခဲ့ကြပါသလားဟု

မေးမြန်းတော်မူရာ ၎င်းတို့က ဟုတ်ကဲ့ပါဟု

ဖြေကြားခဲ့ကြသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာဤသည် စစ်မှန်သည့် အီမာန်ယုံကြည်မှုပင်ဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ သာဝကအချို့သည် ရောက်ရှိလာပြီး
ကိုယ်တော့်အား ကျွန်တော်တို့အနက် လူတိုင်းသည် ထုတ်ဖော်ပြောဆိုရန်ပင်
အလွန်ဝန်လေးမိသည့် (ရှိုင်သွာန်ဘက်မှလာသော မကောင်းသည့်)အတွေးများ
ကျွန်တော်တို့၏ စိတ်ထဲ၌ပေါ်ပေါက်နေပါသည်ဟု လျှောက်ထားခဲ့ကြသည်။ ကိုယ်တော်က
သင်တို့သည် ထိုကိစ္စမျိုးအမှန်တကယ်ကြုံတွေ့ခဲ့ကြပါသလားဟု မေးမြန်းတော်မူရာ
၎င်းတို့က ဟုတ်ကဲ့ပါဟု ဖြေကြားခဲ့ကြသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ ဤသည်
စစ်မှန်သည့် အီမာန်ယုံကြည်မှုပင်ဖြစ်သည်။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ သာဝကအချို့သည် ရောက်ရှိလာပြီး၎င်းတို့စိတ်ထဲတွင် ဖြစ်ပေါ်လာသော ပြောပြရန်ပင် ဝန်လေးမိသည်အထိ ၎င်းတို့အဖို့မနှစ်သက်စရာဖြစ်သော ကြီးကျယ်လှသည့်ကိစ္စရပ်နှင့် ပတ်သက်၍ ကိုယ်တော့်အားလျှောက်ထားမေးမြန်းကြသည်။ ထိုအခါ ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကမိန့်ကြားတော်မူသည်မှာ အသင်တို့ကြုံတွေ့နေရသည့်အရာသည် စစ်မှန်သည့်အီမာန်ယုံကြည်မှုပင်ဖြစ်သည်။ ထိုအီမာန်ယုံကြည်မှုက စိတ်နှလုံးသားအတွင်းသို့ရှိုင်သွာန်ဘက်မှ ထည့်သွင်းပေးသည့် ‘ဝတ်စ်ဝစဟ်’ယုံမှားသံသယစိတ်ကိုလက်ခံယုံကြည်ခြင်းမှ အသင်တို့အား တားဆီးပေးပြီး အသင်တို့၏စိတ်ထဲတွင် ယင်းအားကြီးကျယ်သည့် ကိစ္စအဖြစ်မှတ်ယူစေကာ ပြောပြရန်မနှစ်သက်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ဧကန်အမှန်ပင် ရှိုင်သွာန်သည် အသင်တို့၏ စိတ်နှလုံးသားများကိုမကောင်းသည့်သံသယအတွေးများပေါ်တွင် ရပ်တည်နေရန် မစွမ်းဆောင်နိုင်တော့ပေ ဤသည်ရှိုင်သွာန်က မကောင်းသည့် သံသယအတွေးများ ထည့်သွင်းပေးကာ ၎င်းတို့ကိုတွန်းလှန်နိုင်စွမ်းမရှိသူတို့နှင့် ဆန့်ကျင်ဘက်ပင်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/65011